# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

## အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်၏လက်ရှိအမျိုးသားရေး ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်၊ စီးပွားရေးဦးတည်ချက်များ၊ ပကတိအခြေအနေများနှင့်အညီ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀–၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **“အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန ( ၂ ) | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဇော်ဦး<br>ပြင်ပကျွမ်းကျင်ပညာရှင် | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပို့ကုန်လုပ်ငန်းများအတွက် လုံခြုံစိတ်ချရပြီး လုပ်သာကိုင်သာရှိသည့် ပို့ကုန်ဝန်းကျင်ကောင်း (A Conducive Environment) တစ်ခု ဖန်တီးနိုင်ရေး မူဝါဒများ ချမှတ်ပေးရန်၊

(ခ) အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ရှိ လုပ်ငန်းစဉ်များမှ အလျင်အမြန် အကျိုးရရှိနိုင်မည့် ဦးစားပေးလုပ်ငန်းစဉ်များ တင်ပြလာမှုကို လမ်းညွှန်မှုပြုရန်နှင့် အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ် လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာ လမ်းညွှန်မှုပေးရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန်၊

(င) ပို့ကုန်အမျိုးအစားနှင့် အရေအတွက် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးပေါင်းစည်းမှုအစီအစဉ်များ ပိုမိုအားကောင်းလာစေရေး မူဝါဒများ ချမှတ်ဆောင်ရွက်ပေးရန်၊

(စ) ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကန့်အသတ်ဖြစ်နေသည့် ကိစ္စရပ်များနှင့် ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ လမ်းညွှန်ချက်ခံယူရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ